

ဆုပြည့်စုံထွန်းစာပေ

ဆောင်းလုလင်

# နေလရတနာသိုက်

ဂန္ဓီရဆန်းကြယ် လုံးချင်းဝတ္ထုသစ်

အခန်း (၁)

# သိုက်နန်းသို့အဝင်

မိုးသားများမှိုင်းညို့နေသည့် ယခုလိုရာသီမျိုးတွင် ကျွန်မသည် 'သိုက် သိုက်'ကို သတိရမိပေသည်။ တကယ်တမ်းကျတော့ ကျွန်မ၏ ရင်ထဲတွင် ကျွန်မ နေထိုင်ခဲ့ရာသိုက်သည် အမြဲထာဝရ ရှင်သန်နေမြဲသာ ဖြစ်လေသည်။

ကျွန်မတို့သိုက်သည် အလွန်ပင် ပျော်စရာကောင်းလှပေ၏ ။ သိုက်၏ အကြီးအကဲများဖြစ်ကြသော ကျွန်မ၏ ဖခင်နှင့်မိခင်၊ ပြီးတော့ ကျွန်မ၏ အစ်ကိုတော်တို့နှင့် အတူနေထိုင်ခဲ့ရသော ဘဝကိုလည်းကောင်း၊ သိုက်ထဲသို့ နောက်ရောက်လာသော သိုက်အကြီးအကဲ ဇနီး မောင်နှံနှင့် သူတို့၏ သားတော် (သို့မဟုတ်) ကျွန်မ၏ ချစ်လှစွာသော မောင် တော်တို့နှင့် နေခဲ့ရသည့်ဘဝကိုလည်းကောင်း၊ သိုက်ထဲတွင် နေထိုင်ပျော်မွေ့ခဲ့ရသည့် အချိန်ကာလနှစ်ခုလုံးကို ကျွန်မ သတိရတမ်းမိပေသည်။

သိုက်ထဲမှ လှမ်းမျှော်၍ ကြည့်လျှင် ဧရာဝတီမြစ်ကြီးကို ပြန့်ပြူးသာယာစွာ မြင်တွေ့ရမြဲဖြစ်လေ၏ ။

ကျွန်မတို့သိုက်သည် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းနဖူး တောင်ကုန်းပေါ်တွင် ရှိပေသည်။ သာမန်လူများ၏ အမြင်ဖြင့်ကြည့်လျှင် တောင်ကုန်းထိပ်မှ စေတီလေးတစ်ဆူကိုသာ မြင်ရပေလိမ့်မည်။

လူသာမန်တို့သည် စေတီအောက်တည့်တည့် တောင်ကုန်းထဲတွင်လိုဏ်ခေါင်းဖြစ်ပေါ်နေသည်ကို လည်းကောင်း၊ ထိုလိုဏ်ခေါင်းထဲတွင် စိန်ရွှေ ရတနာမြောက်မြားစွာကို သိုဝှက်သိမ်းဆည်းထားသော ကျွန်မတို့သိုက် ရှိသည် ကိုလည်းကောင်း

သိကြမည်မဟုတ်ပေ။

သိုက်၏ လိုဏ်ခေါင်းသည် ဧရာဝတီမြစ်ရှိရာဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားရာ မြစ်ကြမ်းပြင်၏ အောက်ခြေအထိ ရောက်ရှိသွားလေ၏ ။

ဥမင်လိုဏ်ခေါင်းသည် မြစ်ကြမ်းပြင်၏ အောက်ခြေအတိုင်း ရှည်လျားစွာရှိနေ ကာ မြစ်၏ တစ်ဖက်ကမ်းတွင် လိုဏ်ခေါင်းအဝ အဆုံးသတ်လေသည်။

ထို့ကြောင့် ကျွန်မတို့သိုက်ထဲသို့ ဝင်လိုသည်ရှိသော် မြစ်၏ အ နောက်ဘက်ကမ်း လိုဏ်ခေါင်းအပေါက်ဝမှ ဝင်ရမည်ဖြစ်ပေသည်။

စေတီသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌ ရှိနေခြင်း၊ စေတီအောက်ခြေမှ သိုက်သို့ ဝင်ပေါက်သည် မြစ်အနောက်ဘက်ကမ်း၌ ရှိနေခြင်းတို့ကြောင့် ကျွန်မတို့သိုက် ရှိသည်ကို မည်သူမျှမသိကြပါချေ။ စေတီအောက်မှာ သိုက်ရှိသည်ကို ရိပ်မိ စေဦးတော့ သိုက်ထဲသို့ဝင်ရမည့်လမ်းစကို ရှာရန်မလွယ်ပါ။ စေတီလေးမှာ လည်း သာမန်ထုံးစေတီလေးသာ ဖြစ်ရုံမက၊ ဘွဲ့မည် မှည့်ခေါ်ထားခြင်း မရှိပါ၍ လူသိနည်းလှပေသည်။ အနီးပတ်ဝန်းကျင် ကျေးရွာလေးမှလူများက စေတီကို လွမ်းစေတီဟု ခေါ်ဝေါ်သမုတ်ကြပေသည်။

ကျွန်မတို့မိသားစုသည် လွမ်းစေတီ တောင်ကုန်းအောက်ခြေမှ သာ သနာသိုက်ကို စောင့်ရှောက်ရသော ဥစ္စာစောင့်များ ဖြစ်ပါပေ၏ ။ တစ်နည်း အားဖြင့် သာသနာသိုက်ကိုစောင့်ရသူ အစောင့်အရှောက်များ ဖြစ်ပေသည်။ မြပုဏ္ဏာမိ မြပုဏ္ဏာမိ ဆိုသည်ကား ကျွန်မ၏ အမည်ပင် ဖြစ်ပေတော့သည်။ ကျွန်မသည် သိုက်နန်းရှင်တစ်ဦးဖြစ်ကာ မိခင်၊ ဖခင်နှင့် အစ်ကို တော်တို့ကား ကျွန်မအတွက်အဖော်ရရန် လိုက်ပါလာရသော ပါရမီဖြည့်ဖက် များ ဖြစ်လေသည်။

သိုက်အမည်ကို ဆိုင်ရာပိုင်ရာ သိုက်ချုပ်ဘိုးတော်ကြီးက 'နေလရတနာသိုက် ရတနာသိုက်'ဟု အမည်မှည့်ခေါ်ထားလေသည်။ ကျွန်မသည်

နေလရတနာသိုက်ထဲ၌ သိုက်နန်းရှင်မလေး မြပုဏ္ဏာမီ အဖြစ် နှစ်ပေါင်းတစ်ရာ့တစ်ဆယ်တိုင်တိုင် နေထိုင်ခဲ့ရပေသည်။

ယခုကဲ့သို့ လမင်းမေ လမင်းမေအမည်ဖြင့် လူ့ဘဝသို့ လူအဖြစ် ပြန်လည် မဝင်စားမီအချိန်ထိ ကျွန်မသည် သိုက်နန်းရှင်မြပုဏ္ဏာမီအဖြစ် နေထိုင်ခဲ့လေ သည်။

ကျွန်မလမင်းမေသည် အနောက်တောင်ဆီမှ တရိပ်ရိပ်တက်လာ သော မိုးသားတိမ်လိမ်များကိုကြည့်ရင်း သိုက်ထဲတွင်နေခဲ့သောဘဝကို ပြန် လည် သတိရတမ်းတမိပေ၏ ။

*

သိုက်နန်းရှင် မြပုဏ္ဏာမီဘဝသို့မရောက်မီ ကျွန်မ၏ ယခင်ဘဝဖြစ်စဉ်ကိုမူ ကျွန်မ ကောင်းစွာမမှတ်မိတော့ပါ။ မြပုဏ္ဏာမီအဖြစ် ဘဝပြောင်းရွှေ့ ရောက်ရှိလာရသည့်နေ့မှ အဖြစ်အပျက်များကိုမူ ကောင်းစွာ မှတ်မိသိရှိနေဆဲ ဖြစ်ပါ၏ ။

အချိန်ကာလကား မြန်မာသက္ကရာဇ် ၁၁၇၉ ခုနှစ်ဖြစ်ကာ အင်းဝ ဘုရင် ထီးနန်းစိုးစံနေသောကာလ ဖြစ်ပေသည်။

ထိုနှစ်၏ သီတင်းကျွတ်လပြည့်နေ့တွင် ကျွန်မတို့မိသားစုသည် လှေကလေးဖြင့် ဧရာဝတီမြစ်တစ်ဖက်ကမ်းသို့ ကူးခဲ့ကြလေ၏ ။ ကျွန်မစိတ် ထင် တစ်ဖက်ကမ်းမှ ကျွန်မတို့အဘိုးအဘွားများကို သီတင်းကျွတ် လပြည့် နေ့တွင် သွားရောက်ကန်တော့ခြင်း ဖြစ်ဟန်တူပေသည်။ နှစ်ကာလများ ရာနှင့်ချီကာ ကြာညောင်းခဲ့ပြီဖြစ်၍ အလုံးစုံ မမှတ်မိတော့ပါ။

ကျွန်မတို့မိသားစုမှာ လေးယောက်ဖြစ်ပါသည်။ ထိုဘဝက မိဘများ

ဖြစ်သော ဖခင်ကြီးဦးစံထို၊ မိခင်ကြီးဒေါ်သက်မှီနှင့် အစ်ကိုတော်ကိုသီဟ တို့ ဖြစ်ကြပါသည်။ ကျွန်မ၏ ထိုဘဝကအမည်ကို မစန္ဒာ မစန္ဒာဟူ၍ ခေါ်ပါသည်။ ကျွန်မတို့မိသားစုလေးယောက်သည် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ကာ ပျော်ရွှင်စွာဖြင့် ခရီးထွက်ခွာခဲ့ကြခြင်း ဖြစ်လေသည်။

ကျွန်မတို့သည် မြစ်အနောက်ဘက်ကမ်းမှ ငှက်သမ္ဘန်လှေငယ် တစ်စီးကို ငှားရမ်းကာ အရှေ့ဘက်ကမ်းဆီသို့ ကူးခတ်ခဲ့ခြင်းဖြစ်လေ၏ ။

သီတင်းကျွတ်လရာသီဖြစ်၍ ခြေခင်းလက်ခင်း သာယာပြီး မြစ်ရေ ပြင်သည် ငြိမ်သက်ကာ သင်ဖြူးတစ်ချပ် ဖြန့်ခင်းထားသကဲ့သို့ ပြန့်ပြူးနေ ပေ၏ ။ ဝင်လုဆဲနေလုံးကြီးက အနောက်ဘက်ကမ်းမှ စစ်ကိုင်းတောင်ရိုးတွင် မေးတင်နေရာမှ တရွေ့ရွေ့ဖြင့် တောင်တန်းများနှင့်ကွယ်သွားကာ ဆည်းဆာ ကို အမှောင်ပျိုးစပြုလျက် ရှိပေသည်။

ဝင်လုဆဲ ဆည်းဆာနေခြည်၏ အောက်ဝယ် တိမ်တိုက်တိမ်လိပ်များ သည် ကြက်သွေးရောင်တစ်ကန့်၊ ပန်းနုရောင်တစ်ကန့်ဖြင့် စိတ်ညွှတ်နူးဖွယ် လှပနေပေ၏ ။ စင်ရော်ငှက်ငယ်များက နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့်ဖြင့် ဝဲလှည့်ပျံသန်းရင်း ကျွန်မတို့လှေနောက်မှ လိုက်ပါလာလေသည်။

မြစ်တွင်း လေတသုန်သုန်ထဲဝယ် ကျွန်မ၏ ရှည်လျားစွာသော ဆံမြိတ်များက လွင့်မျောနေပေ၏ ။

မိခင်နှင့်ဖခင်က မြစ်ကမ်းတစ်ဖက်တစ်ချက်ဆီမှ မြင်နေရသော စေတီပုထိုးများကို လက်အုပ်ချီကန်တော့ရင်း နှုတ်မှ ဘုရားစာ တီးတိုးရွတ်ဆို ကာ လိုက်ပါလာလေသည်။

အနောက်ဘက်ကမ်း တောင်ရိုးတောင်စွယ်များဆီတွင် စေတီပုထိုး များစွာကို ဖူးမြင်နေရကာ ဆွမ်းဦးပုညရှင်စေတီတော်ကြီးကို ထီးထီးမားမား ထင်ထင်ရှားရှား ဖူးမြင်ရပေ၏ ။

လှေရှင်ယောကျ်ားက သူ၏ ငှက်သမ္ဘန်ကို စည်းချက်မှန်စွာ တအိအိ ခတ်လျက်ရှိပေ၏ ။

ကျွန်မ၏ အစ်ကိုတော် ကိုသီဟသည် သူ၏ လက်တစ်ဖက်ကို မြစ်ထဲသို့ နှစ်၍ မြစ်ရေများကို လက်ဖြင့်ဆော့ကစားကာ လိုက်ပါလာပေသည်။ မြစ်လယ်တစ်နေရာအရောက်၌ အစ်ကိုသီဟက ကျွန်မအား မြစ်ရေများဖြင့် လှမ်းပက် ကျီစယ်လိုက်လေ၏ ။

အစ်ကိုတော်လက်ခုပ်ဖြင့်ခပ်ကာ လှမ်းပက်လိုက်သည့်ရေများသည် ကျွန်မမျက်နှာအနှံ့သို့ စင်သွားကာ အကျႌစ၏ လည်ပင်းတစ်ဝိုက်၌ လည်း ရေများစွတ်စိုသွားလေ၏ ။

''အို

... ''

ကျွန်မက မျက်နှာကို လက်ဝါးနှင့်အုပ်လိုက်သည်။ လိမ်းခြယ်လာ သော သနပ်ခါးများပျက်သွားမည်ကို စိုးရိမ်လိုက်မိ၏ ။

''ကြည့်စမ်း၊ မောင်ကြီးသိပ်ဆိုးတာပဲ။ နှမတစ်ကိုယ်လုံး စိုကုန်မှ ဖြင့်

...

'' ''မစိုပါဘူး နှမလေးရဲ့။ မောင်ကြီးက ရေနည်းနည်းလေးနဲ့ ပက် လိုက်တာပါ''

''ကြည့်ပါလား အဘနဲ့အစ်မ၊ မောင်ကြီးဟာ ကျွန်မကိုဆိုရင် သိပ် နိုင်တာပဲ''

ကျွန်မက ငြိမ်သက်စွာလိုက်ပါလာသော ဖခင်နှင့်မိခင်ကို တိုင်တန်း လိုက်လေသည်။

''မောင်သီဟကလည်းကွယ်၊ အကျီစားသန်ရန်ကော။ မြစ်လယ်ကောင်မှာ မဆော့စမ်းပါနဲ့''

ဖခင်ကြီးက အစ်ကိုသီဟအား ဆူပြောလိုက်လေသည်။

''အလို

... ဘာသံလဲဟဲ့၊ နားထောင်စမ်း''

ဖခင်ကြီးက တစ်ဆက်တည်းပြောလိုက်ခြင်း ဖြစ်လေသည်။

ကျွန်မတို့အားလုံးသည်လည်း ထူးခြားသောအသံကြီးကို တစ်ပြိုင် နက်ကြားလိုက်ကြရလေ၏ ။

အသံမှာ လေမုန်တိုင်းကျမည်ကဲ့သို့ တဝေါဝေါအော်မြည်လာသောအသံဖြစ်ကာ အဆက်မပြတ် မြည်ဟိန်းနေလေသည်။

ကျွန်မတို့သည် မိုးကောင်းကင်သို့မော်၍ ဝဲယာအနှံ့သို့ ကြည့်မိကြလေသည်။ ကောင်းကင်တစ်ခိုကား ယခင်အတိုင်းပင် သာယာစွာရှိနေပေ၏ ။ လေညင်းမှာလည်း တသုန်သုန်တဖြူးဖြူး တိုက်ခတ်လျက် ရှိပေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး အပြောင်းအလဲမရှိဘဲ ယခင်အတိုင်း အေးချမ်းငြိမ် သက်စွာ ရှိနေပေ၏ ။ မြစ်ရေမှာလည်း ပကတိငြိမ်သက်ကာ တငြိမ့်ငြိမ့် စီးဆင်းနေမြပင်။

ကြောက်မက်ဖွယ်အသံကြီးကား ထွက်ပေါ်နေဆဲဖြစ်ပေ၏ ။

''ဘာသံပါလိမ့်။ ဒါမျိုး မကြားဖူးပါဘူး''

လှေရှင်ယောကျ်ားကြီးက လှော်ခတ်နေရာမှ ရပ်နားကာ ဘေးဘီကိုကြည့်ရင်း အံ့သြစွာ ညည်းညူလိုက်လေသည်။

''အလို

အသံက ပိုကျယ်လာပါပကော။ တော်လည်းသံလိုမျိုးပ''

ဖခင်က နားမလည်နိုင်စွာ ဆိုလိုက်သည်။

ကျွန်မတို့သည် ပတ်ဝန်းကျင်သဘာဝ မပြောင်းလဲဘဲ လျှောင်လှုပ် သလို၊ တော်လည်းသလို၊ လေမုန်းတိုင်းကျသလို မြည်ဟည်းလာသော အသံ ကြီးကို နားထောင်ကာ ကြောက်ရွံ့လာမိကြလေ၏ ။

''ဟင်

... နားထောင်ကြစမ်း။ အသံက ရေအောက်ထဲက ထွက် လာတဲ့ အသံပဲ''

ဖခင်ကြီးက ပြောလိုက်သောကြောင့် ကျွန်မတို့သည် တော်လည်းသံ ကို နားစိုက်ထောင်လိုက်ကြသည်။ မှန်ပေ၏ ။ အဆက်မပြတ် တဝေါဝေါ မြည်သံနှင့်အတူ နောက်ဆက်တွဲ ပဲ့တင်သံများက မြစ်ကြမ်းပြင် ရေထုအောက် ဆီမှ ထွက်ပေါ်လာခြင်းပင် ဖြစ်တော့သည်။

ရုတ်ခြည်းမှာပင် ကျွန်မတို့စီးနင်းလာသော လှေငယ်၏ ပတ်ဝန်ကျင်၌ လှိုင်းဂယက်များ ပြင်းထန်စွာထကြွသွားလေ၏ ။ မြစ်ရေများသည် ရေနွေးပွက်ပွက်ဆူသည့်သဖွယ် ရေပူဖောင်းများ ပလုံစီကာ ထကြွလာလေသည်။ ထိုသို့ဖြစ်ပေါ်ခြင်းမှာ ကျွန်မတို့ လှေအနီး တစ်ဝိုက်၌ သာဖြစ်ပြီး ကောင်းကင်ယံနှင့် ပတ်ဝန်းကျင်တစ်ခုလုံးကား သာယာ ကြည်လင်လျက်ပင် ရှိပေ၏ ။

လှေနောက်သို့ပျံသန်းလိုက်ပါလာသော စင်ရော်အုပ်သည် စူးစူး ဝါးဝါးအော်ဟစ်ကာ နောက်ကြောင်းလှည့်၍ ပျံသန်းသွားကြလေတော့သည်။

ကျွန်မတို့လှေ၏ ပတ်ဝန်းကျင် ဝါးတစ်ရိုက်ခန့် ပတ်ပတ်လည်တွင် သာ ထိုသို့ အပြောင်းအလဲဖြစ်ပေါ်နေခြင်း ဖြစ်ပေ၏ ။ မြစ်ရေများက လှေ ပတ်ဝန်းကျင်တွင် ပလုံစီထကာ အသံကြီးမှာလည်း မြစ်ရေထုအောက်ဆီမှ ပိုမိုကျယ်လောင်စွာ အော်မြည်လာလေသည်။

ပလုံစီထနေသော ရေပွက်များကြားမှ အခိုးအငွေ့များထွက်လာကာ ကျွန်မတို့ ခန္ဓာကိုယ်များဆီသို့ အပူငွေ့များရိုက်ခတ်လာတော့၏။ ကြည့်နေရင်းမှာပင် မြစ်ရေထဲမှ ဘွားခနဲပေါ်လာသော အကြေးခွံ တလက်လက်နှင့် မြွေအမြီးကြီးကို တွေ့လိုက်ရတော့သည်။

''အာ ...''

''အို ...''

''ဟင် ..''

မြွေကြီးကို တစ်ကောင်လုံးမမြင်ရသေး။ အမြီးပိုင်းကပင် ထန်းပင်လုံးပတ်ခန့်ရှိလေရာ မြွေတစ်ကောင်လုံးဆိုပါက ဆိုဖွယ်ရာမရှိတော့ပေ။

အစ်ကိုသီဟက ကြောက်လန့်နေသော ကျွန်မကို သူ့ရင်ခွင်ထဲ ဆွဲသွင်းကာ ပွေ့ဖက်ထားလိုက်သည်။

ကျွန်မသည် ကြောက်လန့်လှသော်လည်း ထူးဆန်းလှသော မြင် ကွင်းကို မကြည့်ဘဲမနေနိုင်၍ အစ်ကို့ရင်ခွင်ထဲတွင်ပုန်းရင်း ကြည့်နေမိသည်မြွေအမြီးကြီးသည် လန်းလန်း လန်းလန်းဖြင့် မြစ်ရေပြင်အထက် သို့ အသည်းယားဖွယ်တက်လာကာ ကျွန်မတို့၏ လှေကလေးအား ရစ်ပတ် လိုက်လေသည်။

''အမလေး ...''

မိခင်ကြီးက ကြောက်လန့်တကြား အော်ဟစ်လိုက်လေသည်။

''ဟိုမှာ

... ဟိုမှာ''

လှေရှင်ယောကျ်ားက လှေနှင့် မလှမ်းမကမ်းသို့ လက်ညှိုးထိုးပြလိုက်သည်။

ကျွန်မတို့လှေအား အမြီးဖြင့်ရစ်ပတ်ထားသော မြွေကြီး၏ ဦးခေါင်းပိုင်းသည် ရေထဲမှပေါ်လာကာ လှေပေါ်ရှိ ကျွန်မတို့အားလုံးကို စိုက်ကြည့်နေ သည့် မြင်ကွင်းအား တွေ့မြင်လိုက်ရလေတော့၏ ။

မြွေကြီးသည် အမြီးပိုင်းဖြင့် လှေကို သုံးလေးပတ်ရစ်ပတ်ထားကာ ကိုယ်တစ်ဝက်က ရေထဲတွင်နစ်နေပြီး ဦးခေါင်းပိုင်းကိုဖော်၍ ကြည့်နေခြင်း ဖြစ်လေသည်။

သေချာကြည့်လိုက်တော့ ထိုအကောင်ကြီးသည် မြွေကြီး မဟုတ် ပါပေ။ ဦးခေါင်းထက်၌ အမောက်ကြီးကားကားနှင့် နဂါးကြီးတစ်ကောင် ဖြစ်နေပေတော့၏ ။

နဂါးကြီးသည် ပြူးကျယ်ဝိုင်းစက်သော မျက်လုံးအစုံဖြင့် လှေပေါ် ပါသူများကို စိုက်ကြည့်နေရာ မျက်လုံးဆီမှ တံလျှပ်သဖွယ် အခိုးအငွေ့များ တငွေ့ငွေ့ထွက်ပေါ်နေပေသည်။

ချက်ချင်းမှာပင် နဂါးကြီး၏ ဦးခေါင်းသည် ရေထဲသို့ငုပ်လျှိုး ပျောက်ကွယ်သွားလေ၏ ။

ထို့နောက် ကျွန်မတို့လှေကလေးအား ရစ်ပတ်ထားသောအမြီးကြီး ဖြင့် ရေအောက်သို့ဆွဲချလိုက်လေရာ လှေကလေးသည် လူးလိမ့်ရင်း ရေအောက်သို့ နစ်မြုပ်သွားလေတော့၏ ။ ကျွန်မတို့ လူသားငါးဦးသည်လည်း လှေနှင့်အတူ ရေအောက်သို့ ပါသွားလေတော့သည်။

ရေများမွန်းကျပ်ကာ အသက်ရှူမဝဘဲ မူးနောက်သွားသည်ကိုသာ မှတ်မိတော့ပြီး ကျွန်မသည် သတိလစ်မေ့မြောသွားလေတော့သတည်း။

*

# အခန်း (၂)

ကျွန်မ သတိရလာသည့်အချိန်တွင် ကျွန်မသည် မိခင်ကြီး၏ ရင်ခွင်ဝယ် မှီလျက်ရှိသည်ကို တွေ့လိုက်ရလေသည်။

ကျွန်မသည် လန်းလန်းဆန်းဆန်းပင် နိုးထသတိရလာခြင်း ဖြစ်ရာ မိခင်ရင်ခွင်ထက်မှနေ၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်လေ၏ ။ ကျွန်မ၏ ကိုယ်ပေါ်၌ ရေစက်များရှိမနေခြင်း၊ မိခင် ဖခင်နှင့်အစ်ကိုတို့၏ အဝတ်များ မှာလည်း နဂိုဝတ်ဆင်ထားသည့် အဝတ်အစားများအတိုင်းဖြစ်ကာ ရေများ စိုရွှဲ၍ မနေသည်ကို တွေ့ရလေသည်။

ထို့ကြောင့် ကျွန်မ သတိလစ်မေ့မြောသွားခြင်းမှာ အချိန်များစွာ ကြာမြင့်သွား၍ ဖြစ်မည်ဟု တွေးတောမိလေသည်။

ကျွန်မက မိခင်ကြီး၏ ရင်ခွင်ထဲမှ လူးလဲထလိုက်ရင်း မေးလိုက် သည်။

''အစ်မ၊ ကျွန်မတို့ ဘယ်နေရာရောက်နေတာလဲဟင်။ တော်ပါသေး ရဲ့၊ ကျွန်မတို့တစ်မိသားစုလုံး မသေကြဘူးနော် အစ်မ''

မိခင်ကြီးသည် ကျွန်မအား စိတ်လက်မချမ်းသာသည့် မျက်လုံးဖြင့် ကြည့်ရင်းမှ တစ်လုံးချင်း ပြောလိုက်လေသည်။

''မဟုတ်ဘူး လုံမလေး။ အစ်မတို့အားလုံး သေပြီးကြပြီကွယ့်''

''ရှင်

... အစ်မ''

ကျွန်မက လေ့မမှောက်ခင်က အဝတ်အစားများအတိုင်း မိသားစုစုံလင်စွာတွေ့မြင်နေရ၍ သေပြီးကြပြီဆိုသော မိခင်ကြီးပြောစကားကို အံ့သြ မိလေသည်။

ထိုအခါမှ ကျွန်မသည် ပတ်ဝန်းကျင်ကိုနှံ့စပ်အောင် လှည့်၍ ကြည့်လိုက်ရာ ကျွန်မတို့မိသားစုနှင့် မလှမ်းမကမ်းတွင် မတ်တတ်ရပ်နေသော အသက်အရွယ်ကြီးရင့်လှပြီဖြစ်သည့် အဘိုးအိုတစ်ယောက်ကို မြင်တွေ့လိုက်ရလေတော့၏ ။

အဘိုးအိုသည် သွေးမရှိသကဲ့သို့ ဆွတ်ဆွတ်ဖြူဖွေးသော အသားအရေရှိပြီး၊ ရင်ခေါင်းလောက်ထိ တွဲကျနေသော မုတ်ဆိတ်မွေးကြီးမှာလည်း ဆွတ်ဆွတ်ဖြူလျက် ရှိလေသည်။ အဘိုးအိုသည် ဆွတ်ဆွတ်ဖြူသော အကျႌ လက်ရှည်နှင့် အကွက်အစင်းမပါဘဲ ဆွတ်ဆွတ်ဖြူနေသောပုဆိုးကို ဝတ်ဆင်ထားလေသည်။ ခေါင်းတွင်ပေါင်းထားသော ပဝါစမှာလည်း ဆွတ်ဆွတ်ဖြူ လျက်ပင် ရှိလေ၏ ။

ကျွန်မမှာ အသွင်အပြင်ထူးခြားလှသော အဘိုးအိုကိုကြည့်၍ အံ့သြနေဆဲတွင် အဘိုးအိုက စကားတစ်ခွန်းပြောလိုက်လေ၏ ။

''သိုက်နန်းရှင်သမီးတော်လေး သတိရလာပြီ။ သိုက်ထဲကိုသွားဖို့ အချိန်တန်ပြီ။ သွားကြစို့ရဲ့''

ကျွန်မကို သိုက်နန်းရှင်သမီးတော်လေးဟု တင်စားပြောလိုက်သည် ကိုလည်းကောင်း၊ သိုက်ထဲကိုသွားကြစို့ဟု ဖိတ်ခေါ်လိုက်သည်ကိုလည်း ကောင်း နားမလည်နိုင်အောင် ဖြစ်မိလေ၏ ။

ကျွန်မက ကျွန်မတို့ရောက်နေသောနေရာကို သေချာစွာစေ့ငုကြည့်လိုက်သည့်အခါတွင်ကား ကျွန်မတို့သည် လွတ်လပ်သော ပြင်ပကမ္ဘာတွင် ရှိနေခြင်းမဟုတ်။ လိုဏ်ဂူနှင့် အလားသဏ္ဌာန်တူသော မြေသားနံရံများ ဝန်းရံထားသည့် အတွင်းပိုင်းတစ်နေရာတွင် ရောက်နေသည်ကို တွေ့မြင်ရလေသည်။ ကျွန်မတို့အထက်မှ ပိတ်ဆီးထားသော မြေသားထုသည် ကျွန်မတို့ဦးခေါင်းများနှင့် လက်ခုပ်တစ်ဖောင်ခန့်သာ ကွာလေတော့သည်။

ကျွန်မက မျက်စိတစ်ဆုံးအထိ ကြည့်ရှုအကဲခတ်လိုက်ရာ ကျွန်မတို့ ရှိနေသောနေရာသည် လိုဏ်ဂူဟုဆိုရမည့်ထက် လိုဏ်ခေါင်းဟုခေါ်ဆိုမှသာ ပို၍ သင့်တော်ကြောင်းကို တွေ့လိုက်ရလေ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်မ တို့ရှိနေသည့်နေရာ၏ တစ်ဖက်တစ်ချက်စီတွင် လိုဏ်ဂူသည် အဆုံးသတ် မသွားဘဲ ဟိုးဝေးဝေးထိ ရှည်လျားစွာတည်ရှိခြင်းကြောင့် ဖြစ်သည်။

''ကျွန်မတို့ ဘယ်နေရာကို ရောက်နေကြတာလဲဟင်။ ကျွန်မတို့ စီးလာတဲ့ငှက်လှေ မှောက်သွားတယ်လေ။ အခုရောက်နေတဲ့နေရာက ဘယ် နေရာလဲ အစ်မ''

ကျွန်မက နဂါးကြီးတစ်ကောင် အမြီးဖြင့်ရစ်ပတ်ကာ ကျွန်မတို့ စီးလာသောလှေကို မှောက်ပစ်လိုက်သည့်မြင်ကွင်းကို ပြန်မြင်ယောင်ကာ မေးလိုက်လေသည်။ ကျွန်မသည် နဂါးကြီးတစ်ကောင်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ခြင်းမှာ ဟုတ်မှဟုတ်ပါလေစ၊ အိပ်မက်များလေလားဟု ထင်ယောင် မှားမိပေသည်။

''အခု အစ်ကိုတို့ရောက်နေတဲ့နေရာက မြစ်ကြမ်းပြင်အောက်က လိုဏ်ခေါင်းထဲမှာတဲ့ နှမလေးရဲ့။ အစ်ကိုတို့လှေဟာ နဂါးမင်းက ဆွဲမှောက် ပစ်လိုက်လို့ အစ်ကိုတို့အားလုံး ရေနစ်သေဆုံးပြီးကြပြီ နှမလေး'' အစ်ကိုသီဟက ဝင်၍ ရှင်းပြလိုက်လေသည်။

''ရှင်

... ကျွန်မတို့သေပြီ။ ဟုတ်လားအစ်ကို။ သေတယ်ဆိုရင် ဘာလို့ ခုလိုစကားပြောနေနိုင်တာလဲ''

''ဟောဟိုက သိုက်ချုပ်ဘိုးဘိုးကြီးက နဂါးကြီးကိုစေလွှတ်ပြီး လှေကိုမှောက်ခိုင်းလိုက်လို့ သေရတာ ပါ နှမလေးရယ်။ ဘိုးဘိုးကြီးက သိုက် စောင့်နေရာကို လူစားလဲဖို့အတွက် ဒီလိုလုပ်ရတာ တဲ့ နှမလေးရဲ့''

''အိမ်း

... သမီးတော်လေးက နားလည်ဦးမယ် မဟုတ်သေးဘူး။သမီးလေး သတိလစ်နေချိန်မှာ ဘိုးဘိုးရှင်းပြခဲ့ပြီးပါပြီ။ သမီးလေး သိရအောင် ပြောရသေးတာပ''

သိုက်ချုပ်ဘိုးဘိုးဆိုသော တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူဖွေးနေသည့် အဘိုးအိုက ဝင်ပြောလိုက်လေသည်။

''မြစ်ရဲ့တစ်ဖက်ကမ်းက စေတီလေးရဲ့အောက်မှာ သာသနာသိုက် တစ်ခုရှိတယ်ကွယ့်။ သိုက်ကို နေလရတနာသိုက်လို့ ခေါ်လေရဲ့။ သိုက်ကို လက်ရှိစောင့်ရှောက်နေသူတွေက မိသားစုလေးယောက်ပဲ။ သမီးတော်လေးတို့ မိသားစုကဲ့သို့ ဖခင်၊ မိခင်နဲ့ မောင်နှမနှစ်ယောက်ပါဝင်တဲ့ မိသားစုပေါ့ကွယ်။

သိုက်ကိုစောင့်ရှောက်ရသူများဟာ အနှစ်တစ်ရာ စောင့်ရှောက်မှ တာဝန်ကျေတယ်ကွယ့်။ အနှစ်တစ်ရာပြည့်တိုင်းပြည့်တိုင်း သိုက်စောင့်မိသားစုကို လဲလှယ်ပေးရတယ်။ လက်ရှိစောင့်ရှောက်နေတဲ့ သိုက်စောင့်မိသားစုဟာ အနှစ်တစ်ရာပြည့်ပြီမို့ ကျွတ်လွတ်ချိန်တန်ပေပြီ။ သူတို့အစား စောင့်ရှောက်မယ့် မိသားစုကိုရှာလိုက်တော့ ယနေ့ခရီးထွက်လာတဲ့ မိသားစုဟာလည်း ဖခင်၊ မိခင်နဲ့ မောင်နှမနှစ်ဦးပါဝင်သော မိသားစုမို့ သိုက်စောင့်တာဝန်ပေးဖို့ ခေါ်ယူ လိုက်ခြင်းဖြစ်တယ်''

''အို

... ''

''သမီးတော်လေးကတော့ သိုက်နန်းရှင်မြပုဏ္ဏာမိအနေနဲ့ အထူးတာဝန်ယူပြီး စောင့်ရှောက်ရပေမယ်။ ယခုအချိန်ကစလို့ သမီးတော်လေးဟာ လူသားတစ်ဦး မဟုတ်တော့ဘူး။ သိုက်နန်းရှင်ဥစ္စာစောင့်တစ်ဦး ဖြစ်သွားပြီ ကွယ့်။

သမီးတော်ရဲ့ သိုက်နန်းရှင်အမည်နာမဟာ မြပုဏ္ဏာမီဆိုတာကို မှတ် သားပေတော့''

သိုက်ချုပ်ဘိုးဘိုးကြီး ရှည်လျားစွာရှင်းပြနေသော အကြောင်းများကို နားထောင်ကာ ကျွန်မသည် အံ့သြမှင်တက်မိနေတော့သည်။

''ဘိုးဘိုးကြီးကရော ဘာလဲ''

ကျွန်မ၏ နှုတ်မှ သိလိုစိတ်ကြီးစွာထွက်ပေါ်လာသော မေးခွန်းပင် ဖြစ်ပေတော့၏။

''ဘိုးဘိုးကတော့ ဟောဒီနယ်မြေတစ်ခွင်မှာရှိတဲ့ သိုက်အပေါင်းကို တာဝန်ယူအုပ်ချုပ်ရတဲ့ သိုက်ချုပ်ဘိုးဘိုးကြီးဖြစ်ပေတယ် သမီးတော်''

''အို ...''

''ကိုင်း ...

ကိုင်း...

ပြောနေကြာတယ်။ ပထမသိုက်စောင့်မိသားစု ဟာ ကျွတ်ချိန်တန်ပြီမို့ သိုက်နန်းရှင်အသစ်ကို မျှော်နေကြရော့မယ်။ သိုက် ရှိရာကို သွားကြစို့ဗျာ။ ဘိုးဘိုးနောက်က လိုက်ခဲ့ပေတော့''

သိုက်ချုပ်ဘိုးဘိုးကြီးက ရှေ့မှဦးဆောင်ခေါ်ငင်သွားလေရာ ကျွန်မတို့ မိသားစုသည်လည်း နောက်မှ တန်းစီလိုက်ပါခဲ့ရလေတော့၏၊ ကျွန်မသည် ထက်အောက်ဝဲယာကို ပိတ်ဆီးနေသော လိုဏ်ခေါင်း တစ်လျှောက် လျှောက်လှမ်းလာရင်းမှ ဦးခေါင်းထက်မှ ရေးစီးသံများကို ကြားလိုက်ရသည့်အတွက် အံ့သြသွားမိလေသည်။

''ကျွန်မတို့အထက်က ရေစီးသံတွေကြားရပါလား။ ကျွန်မတို့ ဘယ် နေရာကို ရောက်နေတာလဲဟင်''

ကျွန်မက နားမလည်စွာ မေးလိုက်လေသည်။

ကျွန်မ၏ မေးခွန်းကိုကြားလိုက်ရသော သိုက်ချုပ်ဘိုးဘိုးကြီးက နောက်သို့လှည့်ကြည့်ရင်းမှ ရပ်လိုက်လေ၏ ။

''သိုက်နန်းရှင်သမီးတော်လေး ကြားနေရတဲ့ ရေစီးသံတွေဟာ ဧရာဝတီမြစ်ကြီးရဲ့ ရေစီးသံတွေပဲကွယ့်။ ဘိုးဘိုးတို့ဟာ မြစ်ကြမ်းပြင်ရဲ့အောက်ခြေ က လိုဏ်ခေါင်းထဲကို ရောက်နေခြင်းဖြစ်တယ်။ ကြည့်လေလော...''

သိုက်ချုပ်ဘိုးဘိုးကြီးက နှုတ်မှရှင်းပြရင်း သူ၏ လက်နှစ်ဖက်ကို လိုဏ်ခေါင်းအထက်ဘက်ဆီသို့ မြှောက်ကာ ဝဲယာဝှေ့ယမ်းလိုက်လေသည်။

ထိုအခါ ကျွန်မတို့အထက်ဘက်ရှိ လိုဏ်ခေါင်းမျက်နှာပြင်သည် မှန်ကဲ့သို့ကြည်လင်သွားလေ၏ ။ လိုဏ်ခေါင်းအမိုး မှန်သားကဲ့သို့ကြည်လင်သွားသည် နှင့် တစ်ပြိုင်နက် ကျွန်မသည် မြစ်တစ်စင်း၏ မြင်ကွင်းကို အောက်ခြေမှ မြင်ရသောအမြင်ဖြင့် တွေ့မြင်လိုက်ရလေတော့သည်။

ရေထဲတွင် ငါးများကူးခတ်နေပုံ၊ လှေသမ္ဗန်များ ရွေ့လျားသွားလာနေပုံကို အောက်မှ ပင့်၍ မြင်နေရပေသည်။ ကျွန်မတို့သည် မြစ်ကြီး၏ အောက်ဘက်၌ ရောက်ရှိနေကြခြင်းပါကလား။

ဘိုးဘိုးကြီးက လက်များကို တစ်ဖန် ဝှေ့ယမ်းလိုက်သည့်အခါ လိုဏ်ခေါင်းအမိုးသည် မြေသားထုအဖြစ် ပြန်လည်ပြောင်းလဲသွားလေ၏ ။

ကျွန်မတို့သည် သိုက်ချုပ်ဘိုးဘိုးကြီးနောက်မှ လိုက်ပါလာခဲ့ရာ တစ်နေရာအရောက်တွင် လိုဏ်ခေါင်း၏ ကျယ်ပြောသောနေရာ၌ ခွေအိပ်နေ သော နဂါးကြီးတစ်ကောင်ကို တွေ့မြင်လိုက်ရလေ၏ ။ နဂါးကြီးသည် ကြီးမား တုတ်ခိုင်လှသော ကိုယ်ထည်ကြီးကို အရစ်အရစ်ခွေဖွဲ့ထားလေရာ လိုဏ် ခေါင်း၏ အမိုးကို ထိလုနီးပါးဖြစ်နေပေ၏ ။ ခွေဖွဲ့ထားသော ကိုယ်ထည်ပေါ်၌ ဦးခေါင်းကိုမှေးစက်ရင်း အိပ်နေလေရာ ကျွန်မတို့ ထိုအနားမှ ဖြတ်သန်းလာသည်ကို သိပုံမရဘဲ နှစ်ခြိုက်စွာအိပ်မောကျနေပေ၏ ။ ထိုနဂါးကြီးကား ကျွန်မ တို့

လှေကလေးကို အမြီးနှင့်ရစ်ပတ်ကာ ရေအောက်သို့ ဆွဲချမှောက်ပစ်ခဲ့ သော နဂါးကြီးပင် ဖြစ်ပါလေ၏ ။

''ဒါနဲ့ သမ္မန်သမားကြီးရော ဘာဖြစ်သွားသလဲဟင်''

''သမ္မန်ခတ်သူလည်း သေဆုံးသွားပါပြီ။ သူ့ကိုတော့ သိုက်ကို ခေါ်ယူရန် မလိုအပ်လို့ အလောင်းအတိုင်း ထားရစ်ခဲ့ပါပြီ''

သိုက်ချုပ်ဘိုးဘိုးကြီးက ရှေ့မှလျှောက်သွားနေရင်းမှ ကျွန်မကို ရှင်းပြနေပေသည်။

ကျွန်မတို့သည် အတန်ကြာလျှောက်လာခဲ့ရာ လိုဏ်ခေါင်းသည် မြေအထက်သို့ တစ်စတစ်စ မြင့်တက်လာခဲ့လေ၏ ။ လိုဏ်ခေါင်းအဆုံးသို့ ရောက်သည့်အခါ ကျယ်ပြောသော ခန်းမတစ်ဆောင်ကို တွေ့မြင်လိုက်ရလေသည်။

ခန်းမဆောင်ကြီးသည် ကျယ်ပြောသည်နှင့်အမျှ ခန်းမဆောင်နှင့် အပြည့် ရွှေငွေ ကျောက်သံပတ္တမြားများ ပြည့်နှက်လျက် ရှိပေတော့သည်။

ကျောက်မျက်ရတနာတို့မှ ရောင်ပြန်ရိုက်ခတ်နေသော အရောင်အဝါများကြောင့် ခန်းမဆောင်ကြီးတစ်ခုလုံးမှာ လင်းထိန်နေပေတော့သည်။

ကျွန်မသည် ခန်းမဆောင်ထဲမှ အဖိုးထိုက်ရတနာများထက် ခန်းမဆောင်ထဲတွင် ကျွန်မတို့အရင် ရှိနေနှင့်သော မိသားစုကိုသာ ပို၍ စိတ်ဝင်စားမိလေသည်။

မိသားစုမှာ လေးဦးဖြစ်လေသည်။

သိုက်ချုပ်ဘိုးဘိုးကြီး ပြောပြထားသည့်အတွက် ထိုမိသားစုမှာ သိုက်စောင့်ပုဂ္ဂိုလ်များဖြစ်ပြီး ကျွန်မတို့မိသားစုနှင့် နေရာချင်းလဲကြရမည့်သူများ ဖြစ်ကြောင်း သိလိုက်လေသည်။

သိုက်နန်းရှင်မလေးမှာ အလွန်ပင် လှပချောမောသူကလေး ဖြစ်လေ ရာ

ကျွန်မသည် သူမကို ကြည့်လို့မဝသောကြည့်ခြင်းဖြင့် ကြည့်နေမိလေ၏ ။

''ကိုင်း...

သိုက်စောင့်များအဖြစ် လဲလှယ်မယ့်မိသားစုကို ရရှိလာ ပေပြီ။ သိုက်စောင့်တာဝန်ကို လဲလှယ်ရတော့မည်မို့ သိုက်နန်းရှင်အဟောင်း မြပုဏ္ဏာမီ၊ သင်၏ လည်တွင်ဆွဲထားသည့် သိုက်ဘယက်အား သိုက်နန်းရှင် အသစ်ဆီသို့ ပေးအပ်ပေလော့''

လှပချောမောသော သိုက်နန်းရှင်မလေးက သူမလည်တွင် ဆွဲထား သော ဘယက်ကြီးအား ဖြုတ်ယူလိုက်လေသည်။

ထိုနောက် ကျွန်မရှိရာသို့လှမ်းလာကာ ဘယက်ကြီးအား ကျွန်မ၏ လည်တွင် ဆွဲပေးလိုက်လေ၏ ။

''ဒီဘယက်ဟာ ဤသိုက်ကိုစောင့်ရှောက်ရမယ့် သိုက်နန်းရှင် အတွက် ရည်စူးပြုလုပ်ထားတဲ့ ဘယက်ပဲ။ နေလ,ဘယက်လို့ ခေါ်တယ်။ဘယက်ကိုချွတ်၍ သေချာစွာကြည့်လော့''

ကျွန်မက လည်တိုင်မှဘယက်ကို ပြန်ချွတ်လိုက်သည်။ ဖခင်၊ မိခင် နှင့် အစ်ကိုတို့ပါ ဘယက်၏ ပုံသဏ္ဍာန်ကို ဝိုင်း၍ ကြည့်ရှုကြလေ၏ ။

ဘယက်ခွက်မှာ တစ်ခုတည်းမဟုတ်ဘဲ နှစ်ခုဖြစ်နေပေ၏ ။ ဘယက် ခွက်နှစ်ခုကို အလယ်တွင်ဆက်၍ ထားပေသည်။ ဘယ်ဘက်ဘယက်ခွက်၌ ဥဒေါင်းပုံ ထွင်းထုထားသည်ကိုလည်းကောင်း၊ ညာဘက်ဘယက်ခွက်၌ ယုန် ရုပ် ထွင်းထုထားသည်ကိုလည်းကောင်း တွေ့ရပေသည်။ ဥဒေါင်းနှင့် ယုန်သည် နေနှင့်လအဖြစ် သရုပ်ဖော်ထားသော စက်ဝိုင်းအလယ်၌ ရှိနေကြပေ၏ ။

ဥဒေါင်းရုပ်သည် နေ၏ အမှတ်အသားဖြစ်သလို၊ ယုန်ရုပ်သည် လ၏ အမှတ်အသား မဟုတ်ပါလော။

ဘယက်ကြီးမှာ ရွှေသားအတိပြီးသော ဘယက်ကြီးဖြစ်ကာ ရွှေသား မှာ ရွှန်းစိုဝင်းအိနေပေသည်။

''ဤဘယက်အား ယနေ့မှစ၍ ဆင်မြန်းထားလေလော့။ နောင် အနှစ်တစ်ရာပြည့်၍ သိုက်နန်းရှင်အသစ် လဲလှယ်သည့်အခါတွင် ယခုကဲ့သို့ပင် သိုက်နန်းရှင်အသစ်အား လွှဲအပ်ရမည်။ သမီးတော်လေးသည် ယခုအချိန်မှ စ၍ မြပုဏ္ဏာမီအမည်ဖြင့် နေလရတနာသိုက်တွင် သိုက်နန်းရှင်ဥစ္စာစောင့်တစ်ဦး ဖြစ်သွားပေပြီ။ မြပုဏ္ဏာမီနှင့်အတူ မိသားစုများကပါ မြပုဏ္ဏာမီ၏ ပါရမီဖြည့်ဖက် များအဖြစ် ဤသိုက်ကိုစောင့်ရှောက်ပေလော့''

ဘိုးဘိုးကြီးက သိုက်နှင့်ပတ်သက်သော အချက်အလက်များကို ကျွန်မတို့မိသားစုအားရှင်းပြကာ ကျွန်မအား သိုက်နန်းရှင်အဖြစ် အပ်နှင်း လိုက်လေတော့သည်။

သိုက်ချုပ်ဘိုးဘိုးကြီးသည် သိုက်နန်းစောင့် မိသားစုအဟောင်း ဘက်သို့လှည့်ကာ ပြောလိုက်ပြန်၏ ။

''သင်တို့မိသားစုသည် နေလရတနာသိုက်၌ နှစ်ပေါင်းတစ်ရာတိတိစောင့်ရှောက်လာခဲ့ပြီးပြီမို့ တာဝန်ကျေပေပြီ။ သင်တို့နှင့် သင့်တော်ရာဘဝ များသို့ သွားရောက်ကြပေရော့။ သင်တို့ကို လွတ်လပ်ခွင့်ပေးလိုက်ပြီ။ လိုရာ သွားနိုင်ပေပြီ''

သိုက်ချုပ်ဘိုးဘိုးကြီးက ခွင့်ပြုစကားပြောလိုက်သည်နှင့် တစ်ပြိုင် တည်းပင် သိုက်နန်းစောင့်မိသားစုလေးဦးစလုံး၏ ရုပ်သွင်များမှာ ရတ်တရက် မီးခိုးလုံးများအသွင် ပြောင်းလဲသွားကြကာ လေထဲတွင် လွင့်ပါသွားသည့် သဖွယ် ကျွန်မတို့ရှေ့မှ ပျောက်ကွယ်သွားကြလေတော့၏ ။

''သူတို့မိသားစုဟာ ဟောဒီ နေလရတနာသိုက်နန်းကြီးကို နှစ်ပေါင်း တစ်ရာတိုင်တိုင် စောင့်ရှောက်ခဲ့တဲ့မိသားစုပဲ။ သူတို့ဟာ သက္ကရာဇ် ၁၀၈၆ ခုနှစ်

ခုနှစ် ကစလို့ ဒီသိုက်ကြီးကို စောင့်ရှောက်ခဲ့ရခြင်းဖြစ်တယ်။ သူတို့မိသားစုရဲ့ အရင်မိသားစုတစ်စု ရှိခဲ့သေးတယ်။ မိသားတစ်စုဟာ နှစ်တစ်ရာစီ စောင့်ရှောက်ရမယ့် ဝတ္တရားရှိပေတယ်။ သိုက်နန်းကိုစောင့်ရှောက်ရမယ့် မိသားစု ဟာ လေးယောက်ပြည့်ရမှာမို့ သိုက်နန်းရှင်အဖြစ် သင့်တော်မယ့် မိန်းကလေး ကို ရွေးချယ်ရာမှာ မိစုံဖစုံနှင့် အစ်ကိုတစ်ယောက်ရှိတဲ့ မိန်းကလေးကို ရွေးချယ်ရခြင်းဖြစ်တယ်။ သို့မှသာ သိုက်နန်းရဲ့တာဝန်များကို တိကျစွာ လွှဲအပ်နိုင်မှာဖြစ်တယ်။ အသင်တို့မိသားစုဟာ နေလရတနာသိုက်အတွက် သင့်လျော်တဲ့မိသားစုမို့ အကျွန်ုပ်က ခေါ်ယူလိုက်ရခြင်း ဖြစ်ပေတယ်။ မိန်းကလေးဟာ မြပုဏ္ဏမီဆိုတဲ့ သိုက်နန်းရှင်အမည်နဲ့ ဤသိုက်ထဲမှာ နှစ်ပေါင်းတစ်ရာတိုင်တိုင် စောင့်ရှောက်ရစ်ပေတော့''

သိုက်ချုပ်ဘိုးဘိုးကြီးက ကျွန်မတို့ကို ရှင်းပြခဲ့ပေသည်။

''အလို ...

ဘိုးဘိုးကြီး၊ ကျွန်ုပ်တို့၏ စိတ်ဆန္ဒမပါဘဲနှင့် ဘိုးဘိုး ကြီးက ကျွန်ုပ်တို့ကို ခေါ်ယူခဲ့ခြင်းဖြစ်ပေသည်။ ကျွန်ုပ်တို့တွင် ရွေးချယ်ရန် အခွင့်အလမ်းမရှိပြီလော''

ကျွန်မ၏ ဖခင်ကြီးက မေးမြန်းလိုက်ခြင်းဖြစ်လေသည်။

''သည်းခံလော့ အမောင်။ ကျွန်ုပ်အဖို့ ဤသို့သင့်လျော်သော မိသားစုကို ရအောင်ရှာဖွေရန်မှာ မလွယ်ကူလှပါ။ သင်တို့သည် ခရီးထွက်ခွာ လာရာတွင် သိုက်အနီးသို့ရောက်ရှိလာခဲ့၍ ရွေးချယ်လိုက်ရခြင်း ဖြစ်ပေတယ်။

အမောင်ဖခင် သိုက်နန်းရှင်အဖြစ် တာဝန်ယူရသည့်အတွက် စိတ်နှလုံး ပူပန်ညှိုးချုံးရန် အကြောင်းမရှိပါ။ သိုက်မှာ နောင်ပွင့်လတ္တံ့သော မြတ်စွာ ဘုရားသခင်၏ သာသနာတော်အတွက် ရည်ရွယ်စုဆောင်းထားသော သာသနာပိုင်ပစ္စည်းများ ဖြစ်ပေတယ်။ အရိမေတ္တေယျဘုရား ပွင့်တော်မူတဲ့ အခါမှာ

သာသနာစည်ပင်ရန်ထားရှိသော ပစ္စည်းဥစ္စာများကို စောင့်ရှောက်ရမှာ ဖြစ်တဲ့အတွက် သင်တို့အတွက် ဂုဏ်ယူဖွယ်ရာသာရှိသည်၊ ကုသိုလ်ကောင်းမှု များ ရရှိမည့်အပြင် အရိမေတ္တေယျဘုရားသခင် ပွင့်တော်မူတဲ့အခါမှာ သင်တို့ ဟာ ဦးစွာဖူးမြင်ခွင့်ရပြီး ကျွတ်တန်းဝင်ခွင့် ရကြပေလိမ့်မယ်။ သိုက်နန်းရှင် ဥစ္စာစောင့်အဖြစ် တာဝန်ပေးခံရခြင်းဟာ ကျေနပ်ဖွယ်ပါပဲ အမောင်''

သိုက်ချုပ်ဘိုးဘိုးကြီးက ရွှေငွေရတနာအတိပြီးသော ခန်းမဆောင် ကြီး၏ အထက်ဆီသို့ ကျွန်မတို့အား ခေါ်ဆောင်ခဲ့ပြန်သည်။

ကျွန်မတို့သည် သိုက်ချုပ်ဘိုးဘိုးကြီးနောက်မှ အထက်သို့ တက် သော လှေကားအတိုင်း တက်လာခဲ့ရာ လှေကား၏ အထက်ဆုံးအဆင့် အရောက်တွင် ဘိုးဘိုးကြီးက ကျွန်မကိုခေါ်ယူလိုက်သည်။ ကျွန်မတို့ရှေ့တွင် အုတ်သားနံရံသာရှိတော့ပြီး ဆက်သွားလို့မရတော့ပေ။ ထွက်စရာတံခါးပေါက် ကိုလည်း မမြင်ရပါပေ။

ဘိုးဘိုးကြီးက ရှေ့တည့်တည့်ရှိ အုတ်သားနံရံကိုညွှန်ပြကာ ...

''ဟောဒီနေရာဟာ သိုက်အပြင်ကိုထွက်တဲ့ တံခါးပေါက်ရှိတဲ့ နေရာပဲ။ သည်အတိုင်းကြည့်ရင် အကြားအလပ်မရှိတဲ့ အုတ်တံတိုင်း တစ်ခုအသွင် မြင်ရပေလိမ့်မယ်။ ဖွင့်ပုံဖွင့်နည်းကို ဟောဒီမှာကြည့်''

ဘိုးဘိုးကြီးက သူ၏ လက်ဝါးနှစ်ဖက်ဖြင့် အုတ်နံရံကို ထောက်လိုက် ကာ တစ်ဖက်တစ်ချက်စီသို့ အုတ်နံရံကို တွန်းလိုက်လေသည်။ သို့ဖြင်အုတ်နံရံသည် အလယ်မှကွဲသွားကာ လူဝင်သာသောတံခါးပေါက် ဖြစ်ပေါ် လာလေ၏ ။

''အုတ်နံရံရဲ့အလယ်တည့်တည့်ကို လက်ဝါးနှစ်ဖက်နဲ့ ထောက်ပြီး ရွှေ့ရမှာဖြစ်တယ်။ ဒီလိုလုပ်လို့ တံခါးပွင့်သွားတဲ့အတွက် ဘယ်သူမဆို လုပ် လို့ရမယ်လို့ မထင်ကြလေနဲ့။ သိုက်နန်းရှင်ကိုယ်တိုင်ဖြစ်တဲ့ မြပုဏ္ဏာမီ တစ် ယောက်သာ ဤသို့စွမ်းဆောင်လို့ရပေမယ်''

ဘိုးဘိုးကြီးက ပွင့်သွားသောအုတ်နံ့ရံကို ပြန်၍ စေ့ပိတ်လိုက်ကာ သူပြသသည့်ပုံစံအတိုင်း ကျွန်မအား နံ့ရံကိုဖွင့်စေပါသည်။

ကျွန်မသည် ဘိုးဘိုးကြီးနည်းတူ နံ့ရံအလယ်တည့်တည့်တွင် လက်ဖဝါးနှစ်ဖက်ထောက်ကာ နံ့ရံကို တစ်ဖက်တစ်ချက်စီသို့ တွန်းပို့လိုက်သည်။

ထိုအခါ အကြားအလပ်မရှိ စေ့နေသောအုတ်နံ့ရံကြီးသည် ကျွန်မ အထူးအားစိုက်စရာမလိုဘဲနှင့် ပွင့်သွားလေ၏ ။

နောင်အခါတွင် ကျွန်မ၏ ဖခင်၊ မိခင်နှင့် အစ်ကိုတော်တို့သည် ထိုနည်းတူ အုတ်နံ့ရံအား ဖွင့်ကြည့်ခဲ့ကြသည်။

ကျွန်မမှအပ အခြားသူများ ဖွင့်၍ မရပါ။ သိုက်နန်းရှင် ကျွန်မ တစ်ဦးတည်းသာလျှင် ဖွင့်လို့ရနိုင်သော သိုက်ဖွင့်နည်းဖြစ်ကြောင်း မှတ်သားခဲ့ရပေ၏ ။

''လာကြ၊ လာကြလော့။ သိုက်နန်း၏ ပတ်ဝန်းကျင် မည်သို့ရှိသည် ကိုသင်တို့အား ပြပေအံ့''

ဘိုးဘိုးကြီးက ကျွန်မတို့မိသားစုကို ဦးဆောင်ကာ သိုက်နန်းအပြင်ဘက်သို့ ထွက်လိုက်လေသည်။

*

# အခန်း (၃)

သိုက်နန်းအပြင်ဘက်သို့ ထွက်လိုက်ပါမှပင် ကျွန်မတို့သိုက်နန်း သည် စေတီလေးတစ်ဆူ၏ အောက်ဘက်တည့်တည့် မြေအောက်လိုဏ်ဂူအတွင်း၌ ရှိနေသည်ကို သိလိုက်ရပေတော့၏ ။

ကျွန်မတို့သည် မြစ်ကြမ်းပြင်အောက် လိုဏ်ခေါင်းမှလိုက်ပါလာခြင်း ဖြစ်ရာ သိုက်နန်းရှိသည့်အရပ်ကို မခန့်မှန်းတတ်ခဲ့ပေ။ အပြင်ပသို့ ထွက်လိုက် ပါမှပင် သိုက်နန်းတည်ရာ စေတီလေးကား ဧရာဝတီမြစ်၏ အရှေ့ဘက် ကမ်းစပ်၌ တည်ရှိနေသည်ကို တွေ့မြင်ရပေတော့သည်။

စေတီလေးကား ကျွန်မတို့ ခရီးဦးတည်ထွက်ခွာလာသည့် ရွာ ကလေးနှင့် မလှမ်းမကမ်းတွင် တည်ရှိပေသည်။ ကျွန်မတို့သည် သီတင်းဝါလ ကျွတ်ချိန်တွင် အဘိုးအဘွားများအား ကန်တော့ရန် လာရောက်ခဲ့ခြင်း ဖြစ် ပေ၏ ။ မမျှော်လင့်ဘဲ သိုက်နန်းသို့အခေါ်ခံရပြီး ဥစ္စာစောင့်များ ဘဝရောက်ခဲ့ သည့်တိုင် ကျွန်မတို့ စောင့်ရှောက်ရမည့်သိုက်နန်းမှာ အဘိုးအဘွားများ နေထိုင်သည့် ရွာအနီး၌ ပင် ဖြစ်နေပေသည်။

ကျွန်မတို့သည် အဘိုးအဘွားများ၏ ရွာအနီးမှ ထုံးစေတီလေး တစ်ဆူအောက်တွင် သာသနာသိုက်ကြီးတစ်ခု ရှိနေသည်ကို မသိခဲ့ကြချေ။

စေတီကလေးမှာ ရွှေသင်္ကန်းပင် ကပ်ထားခြင်းမရှိသော ထုံးဖွေး ဖွေး စေတီလေးတစ်ဆူဖြစ်ပေ၏ ။ တောင်ကုန်းပေါ်တွင် တည်ထားပြီး အ များက လွှမ်းစေတီဟု ခေါ်ဝေါ်သမုတ်ကြပေသည်။ စေတီလေး၏ ရှုမျှော်ခင်း မှာ မြစ်ကမ်းနံဘေး မေးတင်နေသောတောင်ကုန်းကလေးပေါ်၌ တည်ထားကာ နောက်ခံတောတောင်ရှုခင်းများဖြင့် လွှမ်းဆွတ်ဖွယ် ကောင်းလှပေသည်။

လွှမ်းစေတီဟု ခေါ်ဝေါ်ကြသည်မှာ သင့်လျော်လှပေ၏ ။

စေတီလေးရှိရာ တောင်ကုန်းအထက်မှ မျှော်ကြည့်လိုက်လျှင် တစ်

ဖက်ကမ်းရှိ စစ်ကိုင်းမင်းဝံတောင်တန်းများကို စိမ်းညို့မှောင်စွာ မြင်နေရပေ၏ ။

တောင်တန်းတောင်စွယ်များပေါ်မှ စေတီပုထိုးများကိုလည်း ကြည်ညိုဖွယ် မြင်တွေ့ရပါသေးသည်။ ဆွမ်းဦးပုညရှင်စေတီကြီးကား ကြည်ညိုဖွယ်အဆင်း ဖြင့် ထီးထီးမားမားကြီး တည်ရှိနေပေသည်။

သိုက်ချုပ်ဘိုးဘိုးကြီးက ကျွန်မတို့အား သိုက်နန်းနှင့်ပတ်သက်၍ သိသင့်သော အချက်အလက်များကို ပြောပြခဲ့ပေသည်။

''စေတီအောက်ကသိုက်ထဲကို သာမန်လူများ ဝင်လို့မရအောင် ပြုလုပ်ထားတယ်။ သိုက်စောင့်များကိုယ်တိုင်လည်း သိုက်နန်းရှင်မြပုဏ္ဏမီ ကိုယ်တိုင်ဖွင့်ပေးမှသာ အဝင်အထွက်ပြုနိုင်ကြမယ်။ စေတီနံရံကို ဘေး တစ်ဖက်တစ်ချက်ဆီသို့ တွန်းဖယ်ပြီးဖွင့်တဲ့နည်းကို မြပုဏ္ဏမီတစ်ယောက် သာ စွမ်းဆောင်နိုင်ပေလိမ့်မယ်''

''အသင်တို့အနေနဲ့ အပြင်ပသို့ သွားလာနိုင်တဲ့နည်းလမ်းတစ်ခု ရှိပေသေးတယ်။ အဲဒါကတော့ ယနေ့ခေါ်ဆောင်လာတဲ့ မြစ်ကြမ်းပြင်အောက် လိုဏ်ခေါင်းကြီးမှတစ်ဆင့် သွားနိုင်ခြင်းပဲ။ လိုဏ်ခေါင်းအတိုင်းသွားရင် မြစ်ရဲ့ အနောက်ဘက်ကမ်းမှာ လိုဏ်ခေါင်းအဆုံးအပေါက်ဝကို တွေ့နိုင်လိမ့်မယ်။

လိုဏ်ခေါင်းပေါက်ဟာ ဆွမ်းဦးပုညရှင်စေတီကြီးရဲ့ တောင်ခြေရင်းမှာ အဆုံး သတ်သွားတယ်''

''သင်တို့အနေနဲ့ အပြင်ပသို့ထွက်လိုပါက လိုက်ခေါင်းလမ်းမှ တစ် ဆင့် တစ်ဖက်ကမ်း စစ်ကိုင်းတောင်တန်းများသို့ သွားလာနိုင်ပေတယ်။

ဤနေရာ ဤပတ်ဝန်းကျင်မှ ကျော်လွန်၍ သင်တို့သွားခွင့်မရှိ။ သွားလာ လို့လည်းမရပါ''

''ကျွန်ုပ်အနေဖြင့် သိုက်ကိုဝင်နိုင်တဲ့လမ်းစကို သိုက်နဲ့အလှမ်းဝေး တဲ့

မြစ်တစ်ဖက်ကမ်းမှာ ထားရခြင်းအကြောင်းကတော့ သိုက်ကို မသမာသူ သိုက်တူးသမားများ ခြေရာမခံနိုင်အောင်လို့ပဲ''

''ကဲ...

အသင်တို့လည်း သိုက်နန်းမှာ ပျော်ပျော်ကြီးနေရစ်ပေ တော့။ ကျွန်ုပ်ကတော့ အလျဉ်းသင့်သည့်အခါတိုင်း သင်တို့သိုက်ကို လာ ရောက်လှည့်ပတ်ပါ့မယ်''

သိုက်ချုပ်ဘိုးဘိုးကြီးက ကျွန်မတို့အား မြပုဏ္ဏမီသိုက်နန်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကိုရှင်းပြပြီးနောက် နှုတ်ဆက်ကာ ပျောက် ကွယ်သွားလေတော့သည်။

သိုက်ချုပ်ဘိုးဘိုးကြီး၏ တာဝန်ပေးချက်အရ ကျွန်မတို့သည် မြပုဏ္ဏမီအမည်ရှိ သိုက်နန်းကြီးအား အနှစ်တစ်ရာတိတိ စောင့်ရှောက်ရပေ တော့မည်တကား။

*

အနှစ်တစ်ရာဆိုသည့်ကာလကား ကြာမြင့်လှပါဘိတောင်း။

လူတစ်ယောက်၏ သက်တမ်းသည်ပင် အနှစ်တစ်ရာမပြည့်ပေရာ ကျွန်မတို့ သိုက်စောင့်တာဝန်ယူရမည့်ကာလသည် ရှည်လျားလှပေ၏ ။

မည်သို့ပင်ဆိုစေ ကျွန်မသည် သိုက်နန်းထဲတွင် ပျော်ရွှင်စွာနေထိုင် ခဲ့ပေသည်။ သိုက်ထဲသို့ မိသားစုအလိုက် ရောက်ရှိခဲ့ခြင်းကလည်း ကျွန်မတို့ အဖို့ စိတ်ဖြေရာရစေပါသည်။ ဘဝပြောင်းလဲသွားသော်လည်း မိသားစု မကွဲမကွာရှိနေခြင်းကြောင့် စိတ်ကိုဖြေသိမ့်နိုင်ခဲ့ကြသည်။

အစ်ကိုတော် ကိုသီဟတစ်ယောက်သာလျှင် သိုက်နန်းထဲသို့ ရောက်ခါစက စိတ်နှလုံးညှိုးနွမ်းခြင်း ဖြစ်ခဲ့ရှာလေသည်။ အကြောင်းကား ကိုသီဟ တွင် လူ့ဘဝတုန်းက ချစ်သူရည်းစားသည်တစ်ဦး ရှိပြီးဖြစ်လေရာ သူတို့သည် သီတင်းဝါလကျွတ်ပြီးနောက် မကြာမီတွင် လက်ထပ်ထိမ်းမြားရန် စီစဉ်ထားပြီး ဖြစ်ပေ၏။ မမျှော်လင့်ဘဲ ဝိညာဉ်အနှုတ်ခံရပြီး သိုက်နန်းထဲသို့ ရောက်ရှိလာသည်တွင် ချစ်သူနှင့်ကွေကွင်းရခြင်း စိတ်ဆင်းရဲမှုကို ပြင်းထန်စွာ ခံစားခဲ့ရပေတော့သည်။ သို့ရာတွင် ကျွန်မတို့သိုက်နန်းတွင် နေခဲ့ရသည့် အချိန် ကာလက များစွာကြာမြင့်ခဲ့ပေရာ အစ်ကိုသီဟ၏ ဝေဒနာသည်လည်း ကြာ သော် ပျောက်လွင့်ခဲ့ရပေတော့၏။

ကျွန်မသည် ရောက်ရာဘဝအား ပြုပြင်၍ မရတော့သည့်အတူတူ ပျော်ရွှင်စွာပင် နေထိုင်ခဲ့ပါသည်ညနေခင်းအချိန်များ၌ ကျွန်မသည် စေတီပေါ်သို့တက်ကာ ဧရာ ဝတီမြစ်အတွင်း၌ လှေသမ္ဗန်များသွားလာနေသည်ကို ငေးမောနေတတ်သည်။

စစ်ကိုင်းတောင်ရိုးကိုနောက်ခံထားကာ တိမ်တိုက်များ လွင့်မျောနေသည့် ကောင်းကင်ကြီးအောက်တွင် အလျဉ်မပြတ်စီးဆင်းနေသော မြစ်ဧရာ၏ ရှုခင်းကား လွမ်းမောဖွယ်ကောင်းလှပါဘိ၏။ ဘယ်အခါမျှမရိုးနိုင်သော ရှုခင်း ကွက်များပါတကား။

ရံဖန်ရံခါတွင် ကျွန်မနှင့်အစ်ကိုသီဟတို့ လိုက်တမ်းပြေးတမ်းကစား ကြပါသည်။ တူတူပုန်းတမ်းလည်း ကစားကြပါသည်။ သိုက်ထဲသို့ရောက်ချိန် တွင် ကျွန်မ၏ အသက်သည် ၁၆ နှစ်၊ ကိုသီဟအသက်မှာ ၁၈ နှစ်မျှသာ ရှိပါသေးသည်။ ကျွန်မတို့မောင်နှမသည် လူ့ဘဝကတည်းက ချစ်ချစ်ခင်ခင် ဆော့ကစားရင်း နေလာခဲ့ကြသူများဖြစ်ပါသည်။

ကျွန်မမှာ အစ်ကိုဖြစ်သူအား လူ့ဘဝကတည်းက နွဲ့ဆိုးဆိုးနေကြ အတိုင်း ဆိုးနွဲ့လျက်ရှိလေသည်။ လိုက်တမ်းပြေးတမ်းကစားရာတွင် ကျွန်မက

မလိုက်နိုင်သော်ငြား ကိုသီဟက ခပ်နွေးနွေးပြေးကာ အမိခံစမြဲဖြစ်ပေ၏ ။

တူတူပုန်းတမ်း ကစားရာတွင်လည်း ကျွန်မ ပုန်းနေသည်ကို မြင်သော်ငြား မမြင်ချင်ယောင် ဆောင်ပေးသည်။ သူပုန်းသည့် အလှည့်မှာတော့ ကျွန်မ ရှာမတွေ့မည်စိုး၍ မမြင်အောင် မပုန်းရှာပေ။

တကယ်တော့ ကျွန်မ၏ အစ်ကိုသည် ကျွန်မအား သနားကာ အလိုလိုက်နေရှာခြင်းပင် ဖြစ်တော့သည်။

ကိုသီဟ မကြာမကြာပြောလေ့ရှိသော စကားတစ်ခွန်းရှိပေ၏ ။

''ညီမလေးဟာ လူ့ဘဝမှာ ပျော်ပျော်ကြီးနေရမယ့် အရွယ်ကောင်း လေးကွယ့်။ ငယ်ငယ်ရွယ်ရွယ်နဲ့ သိုက်နန်းထဲအခေါ်ခံရပြီး ဥစ္စာစောင့် ဖြစ်ရတာ အစ်ကိုသနားလှတယ်ကွယ်။ လူ့ဘဝမှာဆို ငါ့ညီမလေးဟာ ရွာရဲ့ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်ဘဝနဲ့ ကာလသားတွေ ဝိုင်းဝိုင်းလည်နေမှာပဲ''

''သိုက်နန်းထဲရောက်ရတာ ညီမလေးဝမ်းမနည်းပါဘူး အစ်ကို။

အဖို့ဘာဂပါလာတော့လည်း သိုက်စောင့်ဘဝရောက်ရတာ ပေါ့ အစ်ကိုရယ်။

အစ်ကိုနဲ့အမိအဖများကိုသာ သနားမိပါတယ်။ ညီမလေးကို အကြောင်းပြုပြီး သိုက်ထဲကို လိုက်လာရတာ မဟုတ်လား။ အစ်ကို့ကို ချစ်သူနဲ့ကွဲခဲ့ရလို့ ညီမလေးက သနားနေတာပါ''

''အစ်ကို့ချစ်သူလည်း ဒီအချိန်ဆို တခြားသူတစ်ယောက်နဲ့ ချစ်ရည် မျှနေလောက်ပါပြီကွယ်။ အေးလေ၊ ဒါလည်း အပြစ်မဆိုသာပါဘူး။ သူ့ဘက်က ကြည့်ရင် အစ်ကိုဟာ သေသွားပြီမဟုတ်လား။ လင်နဲ့မယားတောင် တစ်ပင် လဲမှ တစ်ပင်ထူရသေးတာပဲ။ သူ့ကို အစ်ကို မေ့လိုက်ပါပြီကွယ်''

''အစ်ကိုရယ်၊ ညီမလေးတို့ ရောက်ရာဘဝမှာပဲ ပျော်ပျော်နေကြ

ပါစို့နော်။ တကယ်တော့အစ်ကိုရယ် သာသနာသိုက်ကို စောင့်ရှောက်ခွင့်ရတယ်ဆိုတာလည်း နည်းတဲ့ကုသိုလ်မှမဟုတ်ဘဲ''

*

ကျွန်မတို့မိသားစုသည် သာသနာသိုက်ကို စောင့်ရှောက်ရင်း အေးချမ်းစွာ နေထိုင်ခဲ့ကြပေသည်။

သိုက်ထဲ၌ ရွှေငွေကျောက်သံပတ္တမြားများ တောင်ပုံရာပုံရှိနေပေ သည်။ နောင်ဘုရားတစ်ဆူပွင့်သည့်အခါ သာသနာပြုရန်ထားရှိသော ပစ္စည်း များ ဖြစ်ပေတော့၏ ။ အထူးခြားဆုံးရတနာများကား သိုက်ဒင်္ဂါးများပင် ဖြစ်ပေတော့သည်။ သိုက်ဒင်္ဂါးများကို ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထားပြီး တစ်ဖက်၌ နေ၏ တံဆိပ် ဥဒေါင်းရုပ်ကိုလည်းကောင်း၊ တစ်ဖက်၌ လ၏ တံဆိပ် ယုန်ရုပ်ကိုလည်းကောင်း ပုံဖော်ထားလေသည်။ နေလရတနာသိုက်၏ အမှတ်အသား သိုက်ဒင်္ဂါးများပင် ဖြစ်လေသည်။ နေလတံဆိပ်ပါ သိုက်ဒင်္ဂါးများသည်လည်း သိုက်ထဲ၌ တောင်ပုံရာပုံပြန့်ကျဲလျက် ရှိလေသည်။

မိခင်နှင့်ဖခင်တို့မှာ လူကြီးအရွယ်များမို့ တရားဓမ္မများ ရွတ်ဖတ် သရဇ္ဈာယ်ရင်း အချိန်ကုန်လွန်ခဲ့လေသည်။ ကျွန်မတို့မောင်နှမကတော့ လူငယ်လူရွယ်များမို့ ဆော့ကစားရင်း လည်ပတ်ရင်းဖြင့် အချိန်များကို ဖြုန်းခဲ့ကြလေ၏ ။

ကျွန်မတို့မောင်နှမသည် အနီးအပါးရှိရွာများသို့ သွားရောက်ကာ ရွယ်တူလူငယ်လူရွယ်များကို တစေ့တစောင်း အကဲခတ်ကြလေ၏ ။ ကျွန်မ တို့နှင့် ရွယ်တူလူငယ်များမှာ လူပျိုအပျိုဖော်များဖြစ်ကြရာ တစ်ဦးနှင့်တစ်ဦး စောင်းချိတ်ခြင်း၊ မထိတထိစနောက်ခြင်း၊ ချစ်စကားကြိုက်စကား ပြောဆို ခြင်း၊

ချစ်သူတို့ဘာဝ ချိန်းဆိုတွေ့ဆုံခြင်း ပြုကြသည်ကို တွေ့ရပေသည်။

ကျွန်မတို့သည် လူ့ရပ်လူ့ရွာသို့သွားရောက်ရာ၌ ကျွန်မတို့ကသာ လူအများကိုမြင်တွေ့နေရပြီး လူများက ကျွန်မတို့ကို မမြင်တွေ့နိုင်ပါပေ။

ကျွန်မတို့မောင်နှမသည် သက်တူရွယ်တူများ၏ ဓလေ့သဘာဝ အပြုအမူများကိုကြည့်ကာ အားကျနှစ်လိုခြင်း ဖြစ်ကြရလေ၏ ။ ကျွန်မတို့ သိုက်နန်းရှင်များအဖို့မူကား လူသာမန်တို့ကဲ့သို့ အပျော်အပါးများကို ခံစားရ နိုင်ခြင်း မရှိပေ။

ကျွန်မတို့သည် လူ့ရပ်လူ့ရွာ လူတို့နေထိုင်ရာနေရာများသို့ သွား ရောက်ရာ၌ သိုက်နှင့်မလှမ်းလှသော ကျေးရွာကလေးများသို့သာ သွားရောက် ခွင့်ရခြင်း ဖြစ်ပါသည်။ သိုက်ချုပ်ဘိုးဘိုးကြီး ခွင့်ပြုထားသော နေရာများကို သာ သွားခွင့်ရပေ၏ ။

သိုက်ချုပ်ဘိုးဘိုးကြီးသည် ကျွန်မတို့သိုက်နန်းသို့ မကြာခဏရောက် ရှိလာတတ်ပေ၏ ။ လိုအပ်သည်များကို စီစဉ်ညွှန်ကြားပေးတတ်သည်။ သိုက် ချုပ်ဘိုးဘိုးကြီးသည် ဤနေရာဒေသတစ်ဝိုက်ရှိ သိုက်အများအပြားကို အုပ် ချုပ်ရသော သိုက်နန်းများ၏ အကြီးအကဲပုဂ္ဂိုလ်ကြီး ဖြစ်ပါပေ၏ ။

ကျွန်မတို့သည် သိုက်ချုပ်ဘိုးဘိုးကြီး၏ ခွင့်ပြုချက်အရ သိုက်နန်းရှိရာ မြစ်အရှေ့ဘက်ကမ်းရှိ ရွာကလေးများသို့ သွားလာခွင့်ရပေ၏ ။ ထို့ပြင် မြစ်အောက်လိုဏ်ခေါင်းကြီးမှတစ်ဆင့် မြစ်အရှေ့ဘက်ကမ်းရှိ စစ်ကိုင်းတောင် တန်းများပေါ်သို့ သွားလာခွင့်ကိုလည်း ပေးထားပေသည်။

ဥမင်လိုဏ်ခေါင်း၏ တစ်ဖက်ထွက်ပေါက်သည် ဆွမ်းဦးပုညရှင် တောင်ခြေရင်း၏ ချုံနွယ်ပိတ်ပေါင်းများကြား၌ ရှိပေသည်။ ကျွန်မတို့သိုက် ရှိရာ စေတီလေးမှာ မြစ်၏ အောက်ဘက်ကျသော တောင်ကုန်းလေးပေါ်၌ ရှိသည့်အတွက် ပုညရှင်စေတီကြီးနှင့် ဓားလွယ်ခုတ် တည်ရှိနေပါသည်။

ထို့ကြောင့် မြေအောက်ဥမင်လိုဏ်ခေါင်းကြီးမှာလည်း ရှည်လျားစွာ တည်ရှိ နေလေ၏ ။

ကျွန်မသည် မိဘများနှင့်အတူ နံနက်ဝေလီဝေလင်းအချိန်တိုင်း မြစ်ကြမ်းပြင်အောက် လိုဏ်ခေါင်းကြီးမှတစ်ဆင့် တစ်ဖက်ကမ်းရှိ ဆွမ်းဦး ပုညရှင်စေတီတော်ကြီးဆီသို့ သွားရောက်ကြလေသည်။

ဆွမ်းဦးပုညရှင်စေတီကြီးတွင် ဆွမ်း၊ ပန်း၊ ရေချမ်းများ သွား ရောက်ကပ်လှူခြင်းပင်ဖြစ်ပါသည်။ ကျွန်မတို့သည် ဆွမ်းဦးပုညရှင်စေတီ ကြီးသို့ ဆွမ်းကပ်လှူခြင်းအမှုကို နေ့စဉ်ပြုခဲ့ကြပေသည်။

ဆွမ်းဦးပုညရှင်စေတီဟု ဘွဲ့မည်တွင်နေခြင်းမှာ လူသာမန်များသည် မည်မျှစောစွာထ၍ ဆွမ်းဆက်ကပ်သော်လည်း ဘယ်သောအခါမှ အဦးဆုံး ဆွမ်း မဖြစ်ကြချေ။ မိမိတို့ထက် ဦးစွာကပ်လှူထားသောဆွမ်းများကို အမြဲတွေ့ နေရသည့်အတွက် ဆွမ်းဦးပုညရှင်ဟု ဘွဲ့မည်တွင်နေခြင်းပင် ဖြစ်ပါသည်။

ကျွန်မတို့သည် လူ့ဘဝကတည်းကပင် ပုညရှင်စေတီကြီးတွင် ဆွမ်းကို လူ သာမန်များ ဦးအောင်ဆက်ကပ်ခွင့်မရကြောင်း မှတ်သားခဲ့ရပြီးဖြစ်သည်။

သိုက်နန်းရှင်ဘဝတွင် အရုဏ်ဦးအချိန်များ၌ ပုညရှင်စေတီကြီးသို့ နေ့စဉ်သွားရောက်တော့မှပင် လူပုဂ္ဂိုလ်များထက် ဦးအောင်ရောက်လာကာ ဆွမ်းကပ်လှူကြသည့် နတ်သိကြားများကိုတွေ့မြင်ရလေတော့၏ သိကြားမင်းနှင့်တကွ နတ်ဒေဝါများ ကောင်းကင်မှကြွလာကာ ပုည ရှင်စေတီကြီးတွင် အရုဏ်ဦးအချိန် ဆွမ်းကပ်လှူသည့်မြင်ကွင်းမှာ ကြည်ညို ဖွယ်၊ စိတ်နှလုံးညွတ်နူးဖွယ် ကောင်းလှပါပေ၏ ။

ကျွန်မတို့မောင်နှမသည် မိဘများနှင့်အတူ အရုဏ်ဦးဆွမ်းကပ်ချိန် ၌သာမဟုတ်။ ကျွန်မတို့မောင်နှမနှစ်ယောက်တည်း ညနေခင်း အချိန်များ၌ စစ်ကိုင်းတောင်တန်းများဆီ သွားရောက်လည်ပတ်ကာ ဆော့ကစားခဲ့ကြပါ

သေးသည်။

မြစ်အောက်လိုဏ်ခေါင်းကြီးမှတစ်ဆင့် တစ်ဖက်ကမ်းစစ်ကိုင်း တောင်တန်းများသို့ သွားသည့်အခါတိုင်း လိုဏ်ခေါင်းအလယ်တွင် အိပ်စက် စောင့်ဆိုင်းနေသောနဂါးကြီးကိုတွေ့ရလေ၏။ နဂါးကြီးသည် အမြဲတစေ အိပ်စက်နေတတ်ကာ ကျွန်မတို့ သူ့အနားမှ ဖြတ်လျှောက်သွားသည့်အခါမှ ပင် နိုးထလာပြီး စူးရှပိုင်းစက်သောမျက်လုံးအစုံဖြင့် ကြည့်တတ်လေသည်။

ထို့နောက် သူသည် ပြန်လည်အိပ်စက်ကာ အိပ်မောကျသွားမြဲဖြစ်လေ၏ ။

နဂါးကြီးက သိုက်နန်းကြီးစတင်တည်စကပင် အစောင့်တာဝန်ကို ယူခဲ့ရသော ကာလနဂါးကြီးဖြစ်ပေ၏။ ကာလနဂါးကြီးသည် ကျွန်မတို့မိသားစု သိုက်ထဲသို့ရောက်ရှိရန်အတွက် ကျွန်မတို့စီးလာသော လှေကလေးကို မှောက် ပစ်ပြီး ကျွန်မတို့ဝိညာဉ်များကို နှုတ်ယူပြီးသည့်နောက် မည်သည့်တာဝန်မှ မရှိတော့ပေ။ နောင်အနှစ်တစ်ရာပြည့်၍ သိုက်စောင့်မိသားစုအသစ် လဲလှယ် မှသာ သူ့တွင် တာဝန်ရှိလာပေလိမ့်ဦးမည်။

ယခုတော့မူ ကာလနဂါးကြီးသည် အမြဲတစေအိပ်စက်ရင်းဖြင့်သာ အချိန်ကုန်လွန်နေပေတော့၏

*